# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 17 , 2023 Volume 71, Number 12

၁၇.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၇ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၃၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၃၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၃.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၄.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

### စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား




၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်ပသို့ ပို့ကုန်တိုးမြှင့်တင်ပို့ရန် တိုက်တွန်းလိုကြောင်း၊ ပြည်ပသို့ ပို့ကုန်တိုးမြှင့်တင်ပို့ရာတွင် ကဏ္ဍအလိုက်ဆောင်ရွက်ရမည့် နိုင်ငံတော်၏ဦးတည်ချက် (၉)ရပ်တွင်ပါရှိသည့် စီးပွားရေးဦးတည်ချက်များကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံ၏ ဈေးကွက်လိုအပ်ချက်များနှင့်အညီ တင်ပို့နိုင်ရေး၊ ဈေးကွက်ချဲ့ထွင်တိုးမြှင့်တင်ပို့နိုင်ရန်အတွက် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူများအကြား ညှိနှိုင်းပေါင်းစပ်သွားရမှာဖြစ်ကြောင်း၊ ပို့ကုန်များလက်ရှိတင်ပို့နေသည့် နိုင်ငံများသာမက အခြားနိုင်ငံများသို့ ဈေးကွက်သစ်ရှာဖွေတိုးချဲ့တင်ပို့နိုင်ရေးတို့အား အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး လုပ်ငန်းရှင်များ၏ မေးမြန်းဆွေးနွေးမှုများအပေါ် တာဝန်ရှိသူများက ရှင်းလင်းပြောကြား ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article

## အသေးစား၊ အငယ်စားနှင့်အလတ်စား ထုတ်ကုန်များပြပွဲနှင့်ဈေးရောင်းပွဲတော်ကျင်းပ





ဧရာဝတီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ငွေဆောင်ကမ်းခြေ၊ ယမုံနာဦးဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်ပပို့ကုန်အလားအလာရှိသော ထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ခြင်းစီမံကိန်းအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ပြပွဲပါဝင်ပြသခဲ့ပြီး အုန်းသီးအခြေခံထုတ်ကုန်ပစ္စည်းများ ပြသရောင်းချခဲ့ပါသည်။

အဆိုပါပြပွဲကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များက ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက်ပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားထုတ်ကုန်ပစ္စည်းများဖြစ်သော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများခင်းကျင်းပြသရောင်းချခဲ့ကြပါသည်။

**Source: ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မော်လမြိုင်ရှိ ကွမ်းသီးဈေးနှုန်းအခြေအနေ




မွန်ပြည်နယ်၌ ၂၀၂၂ ခုနှစ်တွင် ကွမ်းသီးစိုက်ဧက ၅၆,၂၆၁ ဧက အနက် ရိတ်သိမ်းဧက ၅၁,၄၂၅ ရှိပြီး တစ်ဧကအထွက်နှုန်း ၁,၀၅၅.၁၄ ပိဿာဖြင့် စုစုပေါင်းအထွက်နှုန်း ၅၄,၂၆၀,၇၀၉ ပိဿာရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရသိရသည်။ ကွမ်းသီးကို မွန်ပြည်နယ်ရှိ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ လမိုင်း၊ ခေါဇာ စသည့်မြို့နယ်များ၌ စိုက်ပျိုးကြသည့်အနက် ဘီးလင်းမြို့၊ မော်လမြိုင်၊ သံဖြူဇရပ်မြို့၊ ရေးမြို့၊

လမိုင်းမြို့နယ်၊ ခေါဇာမြို့နယ်များမှာ ကွမ်းသီးစိုက်ပျိုးဧက အများဆုံး နှင့်အထွက်အများဆုံး မြို့နယ်များဖြစ်ကြောင်း သိရသည်။

မော်လမြိုင်ကုန်စည်ဒိုင်တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်းဖြစ်ပေါ်နေသော ကွမ်းသီးဈေးနှုန်းအနေဖြင့် ရေပေါင်းခြမ်း တစ်ပိဿာလျှင် ၄၉၀၀ ကျပ်၊ ရေပေါင်းခြမ်း (၈၈% အခြောက်) တစ်ပိဿာလျှင် ၅၉၀၀ ကျပ်၊ ရေပေါင်းခြမ်း (၉၉% အခြောက်) တစ်ပိဿာလျှင် ၆၉၀၀ ကျပ်၊ အစာသန့် (ခြောက်) တစ်ပိဿာလျှင် ၅၉၀၀ ကျပ်၊ ရှယ်ဝိုင်းခြောက် (သန့်) တစ်ပိဿာလျှင် ၇၁၀၀ ကျပ်၊ ရှယ်ဝိုင်းခြောက် (အလယ်သား) တစ်ပိဿာလျှင် ၈၆၀၀ ကျပ်၊ မော်လမြိုင်အညိုသီး (အရော) တစ်ပိဿာလျှင် ၃၀၀၀ ကျပ်၊ မော်လမြိုင်အညိုသီး (သန့်) တစ်ပိဿာလျှင် ၃၆၀၀ကျပ် ဖြစ်ကြောင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှထွက်ရှိသော ကွမ်းသီးခြောက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: DOCA (မွန်)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%99%E1%

## ရွှေဘိုခရိုင်အတွင်း မြေပဲလုံးဆန်ဈေးနှုန်း အနည်းငယ်ကျဆင်း



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ မြေပဲလုံးဆန် (နီ၊ဖြူ) များ စက်တင်ဘာလ၊ (တတိယပတ်) မှ စတင်၍ ဝင်ရောက်ခဲ့ပြီး အောက်တိုဘာလ (ဒုတိယပတ်)အတွင်း အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းမှာ မြေပဲလုံးဆန် (နီ) တစ်တင်းလျှင် ၁၀၀၈၀၀ ကျပ် ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှု အနေဖြင့် (၄၅၀၀)တင်း/ တန်အားဖြင့် (၁၀၃)တန်၊ မြေပဲလုံးဆန် (ဖြူ) တစ်တင်းလျှင် ၉၆၈၀၀ ကျပ် ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် (၂၇၀၀)တင်း/ တန်အားဖြင့် (၆၂) တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ အောက်တိုဘာလ(ပထမပတ်) နှင့် (ဒုတိယပတ်) အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက အောက်တိုဘာလ (ပထမပတ်) ၌ မြေပဲလုံးဆန်(နီ) တစ်တင်းလျှင် ၁၀၈၈၀၀ ကျပ်နှင့် မြေပဲလုံးဆန် (ဖြူ) တစ်တင်းလျှင် ၁၀၀၈၀၀ ကျပ် ပေါက်ဈေးရှိခဲ့သဖြင့် အောက်တိုဘာလ (ဒုတိယပတ်) တွင် မြေပဲလုံးဆန် (နီ) တစ်တင်းလျှင် ၈၀၀၀ ကျပ်နှင့် မြေပဲလုံးဆန် (ဖြူ) တစ်တင်းလျှင် ၄၀၀၀ ကျပ် ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

**Source: DOCA (စစ်ကိုင်း)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%9B%E1%80%

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၉-၁၀-၂၀၂၃ မှ ၁၃-၁၀-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၃၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၉၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၈၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၀၀၀ ၊ မုံရွာရှယ် ကျပ် ၃၁၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၉၀၀ ၊ မုံရွာလတ်သန့် ကျပ် ၂၈၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀၊ မုံရွာရှယ် ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၀၀၊ မုံရွာလတ်သန့် ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၀ စီး( ၆၀၀၀၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ

၉၃ စီး (၅၅၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၇စီး (၄၂၀၀၀ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၇၄၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၈၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၆၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၃၃၀၀ (၉၉၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၁၀၀ (၆၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၁၂၀၀ (၃၆၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဝဥများ ပြန်လည်ထွက်ပေါ်နေပြီဖြစ်သည့်အတွက် ဝဥစက်ရုံများ စတင်လည်ပတ်နေပြီဟုဆို



ပြီးခဲ့သည့် စက်တင်ဘာလမှစတင်ကာ ပြည်တွင်း၌ ဝဥများ စတင်ထွက်ပေါ်နေပြီဖြစ်သည့်အတွက် ဝဥစက်ရုံများ ပြန်လည်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဝဥစတင်ထွက်ပေါ်ချိန် စက်တင်ဘာလဆန်းတွင် ဝဥအစို တစ်ပိဿာလျှင် စက်ရုံအရောက်ဈေးနှုန်းမှာ (၁၀၂၅) ကျပ်ခန့်ရှိပြီး ယခင်နှစ် ဝဥစတင်ထွက်ပေါ်ချိန်က (၆၀၀-၈၀၀) ကျပ်ရှိခဲ့သည့်အတွက် ယခုနှစ်တွင် ဈေးနှုန်းအနည်းငယ်မြင့်တက်လာလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဝဥများကို ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ မွန် ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် အဓိကစိုက်ပျိုးကြသည်။ ဝဥအစိုများကို စက်ရုံများတွင် စက်ဖြင့် ရေဆေး၊ အခွံခွာ၊ ပါးပါးလှီး၍၊ အခြောက်ခံကာ ဝဥခြောက်အပြားများရရှိကြောင်း ဝဥအစို (၆.၇) ပိဿာလျှင် ဝဥအခြောက် (၁) ပိဿာရရှိပြီး ဝဥအခြောက်အပြားများကိုထုပ်ပိုး၍ နိုင်ငံခြားသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

ယခင်အချိန်က မန္တလေး-ချင်းရွှေဟော်-တရုတ်သို့ တင်ပို့ခဲ့သော်လည်း ယခုအခါ ရန်ကုန်မှတဆင့် တရုတ်နိုင်ငံ၊ ရှန်ဟိုင်းဆိပ်ကမ်းသို့တင်ပို့ကြောင်း ဝဥစက်ရုံလုပ်ငန်းရှင်များထံမှ သိရသည်။

ဝဥရာသီ ကုန်ဆုံးချိန်ဖြစ်သော ဇန်နဝါရီလမှဩဂုတ်လအထိ ဝဥစက်ရုံများ ရပ်နားထားပြီး လက်ရှိတွင် ဝဥများ ပြန်လည်ထွက်ပေါ်နေပြီဖြစ်သည့်အတွက် စက်ရုံများ ပြန်လည်လည်ပတ်နေခြင်း ဖြစ်ကြောင်းလည်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=133890

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၉-၁၀-၂၀၂၃ မှ ၁၃-၁၀-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၅၄၈၅၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၈၂၃၅၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၄၀၇၅၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၉၁၅၀၀ နှင့် မတ်ပဲ SQ/RC (2023 Crop) ကျပ် ၁၀၆၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2023 Crop) မှာဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၅၀ လုံး ( တန်ချိန် ၁၂၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၉၅ လုံး (တန်ချိန် ၂၂၈၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၄၅ လုံး ( တန်ချိန် ၁၀၈၀ ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရော်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရော်သီး (တစ်ပိဿာ) စျေးနှုန်းများမှာ ပန်းရဲရော်(သစ်) AC ကျပ် ၉၀၀၀၊ မြွားနီ ကျပ် ၉၀၀၀၊ အိမ်မဲ ကျပ် ၇၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ စျေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရော်သီးများ စျေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ရော်ရှည် အိတ်ပေါင်း ၂၆၀၀ (၅၂၀၀၀ ပိဿာ)နှင့် ရော်ပု အိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရော်ရှည် အိတ်ပေါင်း ၁၈၀၀ (၃၆၀၀၀ ပိဿာ)နှင့် ရော်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရော်ရှည် အိတ်ပေါင်း ၈၀၀ (၁၆၀၀၀ ပိဿာ) နှင့် ရော်ပုအိတ်ပေါင်း ၂၀၀ (၃၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) စျေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၁၂၅၀၊ မန်ကျည်းအသား (သစ်) ကျပ် ၂၅၀၀ စျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးစျေးများ ငြိမ်လျက်ရှိကြောင်း သိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) စျေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၃၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၃၉၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၅၅၀၀၊ ကြံသကာ(စစ်) ကျပ် ၃၂၅၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၇၉၀ စျေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြံသကာ(စစ်) ကျပ် ၅၀ စျေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများ စျေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အင်ဒိုနီးရှားအနေဖြင့် ဆန်ပြတ်လပ်မှုနှင့် ရင်ဆိုင်ရနိုင်ဟုဆို

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယခုနှစ်ကုန်တွင် ဆန်ပြတ်လပ်မှုနှင့်ရင်ဆိုင်ရနိုင်ဖွယ်ရှိကြောင်းနှင့် ထိုအခြေအနေသည် နိုင်ငံ၏သမိုင်းတစ်လျှောက် အဆိုးဝါးဆုံးဖြစ်မည်ဟုခန့်မှန်းရကြောင်း၊ အကြောင်းရင်းမှာ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့်ဖြစ်ကြောင်း အင်ဒိုနီးရှားစာရင်းအင်းရုံးက အောက်တိုဘာလ ၁၆ ရက်တွင် ထုတ်ပြန်ထားသည်။

နိုင်ငံအတွင်း ဆန်စပါးထွက်ရှိမှုသည် ပြီးခဲ့သည့်နှစ် နောက်ဆုံးသုံးလပတ် ကာလအတွင်းနှင့်နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်းနီးပါးလျော့နည်းကာ တန်ချိန် ၄ ဒသမ ၇၈ သန်းခန့်သာ ထွက်ရှိမည်ဟုမျှော်မှန်းရသည်။ ထို့ကြောင့် ဆန်ပြတ်လပ်မှုပမာဏသည် တန်ချိန် ၁ ဒသမ ၄၅ သန်းအထိ ရှိလာနိုင်ကြောင်း စာရင်းအင်းရုံး ခေတ္တဥက္ကဋ္ဌက သတင်းစာရှင်းလင်းပွဲတွင် ပြောထားသည်။

"အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုဖြစ်ပွားတဲ့ ကာလရှည်ကြာခြင်းက ဆန်စပါးထွက်ရှိမှုကို ကျဆင်းစေပါတယ်။ အထူးသဖြင့် အနောက်ဂျာဗား၊ အလယ်ဂျာဗားနဲ့ တောင်ဆူမားတြား ပြည်နယ်တို့မှာဖြစ်ပါလိမ့်မယ်။ အဲဒီဒေသတွေက နိုင်ငံရဲ့ဆန်စပါးထွက်ရှိမှု အများဆုံးပြည်နယ်များဖြစ်ပါတယ်" ဟု ၎င်းကဆက်ပြောသည်။

အင်ဒိုနီးရှားအစိုးရအနေဖြင့် ထိုသို့သောအခြေအနေများအတွက် အသင့်ပြင်ဆင်ထားကြောင်း၊ မိတ်ဖက်နိုင်ငံများမှ ဆန်တန်ချိန် နှစ်သန်းခန့်ကို တင်သွင်းထားကြောင်း၊ ၎င်းတို့အနက် ဆန်တန်ချိန်ခြောက်သိန်းမှာ ယခုနှစ်ကုန်တွင် ရောက်ရှိမည်ဖြစ်ကြောင်းနှင့် အများစုမှာ ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့မှဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

**Source:** https://www.myawady.net.mm/node/47118

## အိန္ဒိယပေါင်းဆန် ပို့ကုန်ခွန် ပုံသေသတ်မှတ်ပေးရန် ဆန်ကုန်သည်များတောင်းဆို

အောက်တိုဘာလ ၁၃ ရက်တွင် အစိုးရက ပေါင်းဆန်တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခြင်းကို မတ်လ ၂၄ ရက်အထိ တိုးမြှင့်ခဲ့သည်။ ဘာစမာတီဆန်အတွက် အနိမ့်ဆုံး ပို့ကုန်စျေးနှုန်းကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ ဟု သတ်မှတ်ထားခြင်းကို ဆက်လက်ပြဋ္ဌာန်းကြောင်း ကြေညာခဲ့သည်။

ကာလကတ္တားမြို့မှ ဆန်တင်ပို့သူများသည် လက်ရှိပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းဟု သတ်မှတ်ထားခြင်းအစား ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၀ ကောက်ခံရန် အိန္ဒိယအစိုးရထံ တောင်းဆိုထားသည်။ ဆန်ရောင်းဝယ်မှုတွင် ဈေးနှုန်း ပြောဆိုရာတွင် ရှုပ်ထွေးမှုများနှင့် ငွေတောင်းခံမှုပြဿနာများကို ဖယ်ရှားပေးမည်ဖြစ်သည်။

အိန္ဒိယ ဆန်တင်ပို့သူများအဖွဲ့ချုပ် Indian Rice Exporters Federation (IREF) ကလည်း ဆန်ဖြူတင်ပို့မှု တားမြစ်ချက်ကို ပြန်လည်စဉ်းစားပြီးဖြေလျှော့ပေးရန်၊ ဘာစမာတီဆန်အတွက် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ ဟု သတ်မှတ်ထားခြင်းအစား အမေရိကန်ဒေါ်လာ ၈၅၀ သို့ လျှော့ချရန် အစိုးရကို တောင်းဆိုထားသည်။

IREF ထူထောင်သည်မှာ ရက်ပေါင်း ၁၀၀ ဝန်းကျင်သာရှိသေးပြီး အဖွဲ့ဝင် ၄,၀၀၀ အထိ ရှိလာပြီ ဖြစ်သည်။ ပို့ကုန်ဆန် ပိတ်ပင်မှုများကြောင့် နိုင်ငံတကာ ဆန်ဈေးကွက်တွင် ဆန်ဈေး ၃၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ပါကစ္စတန်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ ပြိုင်ဘက်နိုင်ငံများက ဆန်ဈေးအမြင့်ဖြင့် ရောင်းချကြပြီး အကျိုးဖြစ်ထွန်းစေခဲ့သည်ဟု ဆန်ကုန်သည် များက ပြောကြားသည်။

IREF ညွှန်ကြားရေးမှူးချုပ် Sanjeev Ahuja က ကမ္ဘာ့အများဆုံးဆန်တင်ပို့သည့် အိန္ဒိယသည် ကမ္ဘာ့ဆန်တင်ပို့မှု စုစုပေါင်း၏ ၄၆ ရာခိုင်နှုန်းကိုတင်ပို့သည်။ နှစ်စဉ် ဆန်တန်ချိန် ၂၂ သန်းခန့် တင်ပို့ကြောင်း ပြောကြားခဲ့သည်။ ဆန်တန်ချိန် ၂၂ သန်းအနက် တန်ချိန် ၅ သန်းမှာ ဘာစမာတီဆန်ဖြစ်ပြီး ကျန်ဆန်များမှာ ဆန်ဖြူနှင့်ပေါင်းဆန်များ ပါဝင်သည်။ ယခုနှစ်တွင် ယခုအချိန်အထိ တန်ချိန် ၆ ဒသမ ၉ သန်းသာ တင်ပို့ထားကြောင်း ၎င်းကပြောကြားသည်။

**Source: economictimes**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/7079-asia-rice.html

## အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှုပိတ်ပင်လိုက်သည့်အတွက် နိုင်ငံအတွက် ထိခိုက်မှုရှိဟု စင်ကာပူအစိုးရ တာဝန်ရှိသူပြောကြား

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ပြည်ပကို ဆန်တင်ပို့မှုအပေါ် ပိတ်ပင်မှုတွေပြုလုပ်ခဲ့သလို အရေးယူ ဆောင်ရွက်ချက်တွေကြောင့် စင်ကာပူနိုင်ငံအပေါ် ထိခိုက်မှုများရှိခဲ့ကြောင်း စင်ကာပူအစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြား ခဲ့သည်။ စင်ကာပူနိုင်ငံသည် အိန္ဒိယနိုင်ငံမှ ဆန်ကို အဓိကတင်သွင်းသည့် နိုင်ငံတစ်ခုဖြစ်သောကြောင့် ယခုကဲ့သို့ ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အတွက် စားနပ်ရိက္ခာတင်သွင်းနိုင်စွမ်းက အရေးကြီးပါတယ်။ အိန္ဒိယနိုင်ငံမှ ယခုလိုဆန်တင်ပို့မှု ပိတ်ပင် လိုက်သည့်အတွက် ဆိုးကျိုးသက်ရောက်မှုတွေရှိလာနိုင်ပါတယ်" ဟု စင်ကာပူနိုင်ငံ ရေရှည်တည်တံ့နိုင်စွမ်းနှင့် သဘာဝ ပတ်ဝန်းကျင်ဝန်ကြီးဌာန(Ministry of Sustainability and the Environment) ၏ ဒုတိယအတွင်းဝန် Tze Ch'in Ong က Mint သတင်းဌာနကို ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံသည် ၂၀၂၂ ခုနှစ်က အိန္ဒိယနိုင်ငံမှ ဆန် ၄၀ ရာခိုင်နှုန်းခန့်ကို ဝယ်ယူတင်သွင်းခဲ့ကြောင်း သိရသည်။ ၎င်းတို့နိုင်ငံအနေဖြင့် နောင်အခါတွင် အိန္ဒိယနိုင်ငံမှ ယခုကဲ့သို့ပြုမူဆောင်ရွက်လာခဲ့လျှင် ထိခိုက်မှုနည်းနိုင်သမျှနည်းအောင် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံကဲ့သို့နိုင်ငံများအပေါ် အမှီပြုသွားမည့် စုံလင်ကွဲပြားစွာလုပ်ကိုင်ရေးမဟာဗျူဟာကို ကိုင်စွဲသွားမည် ဖြစ်ကြောင်း စင်ကာပူနိုင်ငံတွင် ဩဇာအာဏာကြီးမားသော အများပြည်သူ့ဝန်ဆောင်မှုများဆိုင်ရာဘုတ်အဖွဲ့ခေါင်းဆောင် အဖြစ် တာဝန်ယူဆောင်ရွက်သွားမည့် Mr.Ong က ပြောကြားခဲ့သည်။

"စင်ကာပူနိုင်ငံသည် သွင်းကုန်စုံလင်ကွဲပြားစွာ တင်သွင်းရေးမဟာဗျူဟာကိုချမှတ်ထားပြီး ဆန်တင်သွင်းမှုနှင့်ပတ်သက် ၍ ရောင်းလိုအားကွင်းဆက်ပြတ်တောက်မှုများ မဖြစ်ပေါ်စေရန် အရန်သိုလှောင်မှုများပြုလုပ်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ စုံလင်ကွဲပြားစွာလုပ်ကိုင်ပြီး၊ နိုင်ငံပေါင်း (၃၀)ကျော်ကနေ ဆန်ကို ဝယ်ယူတင်သွင်းသွားမှာဖြစ်ပါတယ်" ဟု စင်ကာပူ နိုင်ငံစားနပ်ရိက္ခာအေဂျင်စီ (Singapore Food Agency) က ယခုနှစ် ဇူလိုင်လက ပြောကြားခဲ့သည်။ သို့သော် ပြီးခဲ့သည့် ဩဂုတ်လထဲတွင် အိန္ဒိယနိုင်ငံက စင်ကာပူနိုင်ငံသို့ ဆန်တင်ပို့ရန် ခွင့်ပြုခဲ့သည့်အပေါ် ကျေးဇူးတင်ရှိကြောင်း Mr.Ong က ဖော်ပြခဲ့သည်။ အိန္ဒိယနိုင်ငံသည် စင်ကာပူနိုင်ငံသို့ ဘာစမာတီမဟုတ်သော ဆန်ဖြူ(၅၀၀၀၀တန် ကိုတာ(ခွဲတမ်း)အား တင်ပို့ရန်

ထုတ်ပြန် ကြေညာခဲ့ခြင်းဖြစ်သည်။ "ပြီးခဲ့သည့်လအနည်းအတွင်းကပဲ အိန္ဒိယအစိုးရက စင်ကာပူနိုင်ငံနှင့် ကာလရှည်ကြာမိတ်ဆွေများဖြစ်သည့်အတွက် သတ်မှတ်ထားသော ဆန်ပမာဏကို တင်ပို့ခွင့်ပြုသွားမည့် အစီအစဉ်ရှိကြောင်း ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ယင်းကဲ့သို့ကူညီထောက်ပံ့ပေးသည့်အတွက် အိန္ဒိယအစိုးရကို အလွန်ပဲကျေးဇူးတင်ရှိပါတယ်။" ဟု Mr.Ong က ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံနည်းတူ ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကလည်း ခြွင်းချက်ဖြင့် ဆန်တင်ပို့ ခွင့်ပြုရန် အိန္ဒိယအစိုးရထံ အလားတူပန်ကြားခဲ့ကြကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ယခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့က ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို တားမြစ်ပိတ်ပင်ခဲ့သည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဈေးနှုန်းများမြင့်တက်စေခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နီပေါနိုင်ငံတို့ကဲ့သို့ အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသည် အိန္ဒိယမှဆန်တင်ပို့မှုအပေါ် များစွာမှီခိုလျက်ရှိကြပြီး၊ အာဖရိက နိုင်ငံတစ်ချို့က အိန္ဒိယနိုင်ငံမှ ဆန်ကွဲဝယ်ယူသော ဖေါက်သည်များ ဖြစ်ကြကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယအစိုးရသည် ပြည်တွင်း၌ ဆန်လုံလောက်မှုရှိရန်နှင့် ဆန်ဈေးနှုန်းများတည်ငြိမ်မှုရှိစေရန်ရည်ရွယ်၍ ဘာစမာတီမဟုတ်သောဆန်ဖြူများတင်ပို့မှုကို မူလက ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းကင်းလွတ်ခွင့်နှင့် တင်ပို့ခွင့်ပြုခဲ့ရာမှ တားမြစ်ကုန်အဖြစ်သတ်မှတ်ကြောင်း ယခုလနှစ် ဇူလိုင်လက ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါဆောင်ရွက်ချက်သည့် စားသောက်ကုန်ဈေးနှုန်းများဖောင်းပွလာမှုကိုထိန်းချုပ်ရန်နှင့် အထူးသဖြင့်လာမည့်နှစ်တွင် အိန္ဒိယနိုင်ငံ၌ကျင်းပရန်ရှိသည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ အရေးကြီးသောပြင်ဆင်မှုတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ကြပါသည်။

စင်ကာပူနိုင်ငံသည် ၎င်း၏စားနပ်ရိက္ခာဖူလုံမှုအတွက် အိန္ဒိယကဲ့သို့တစ်နိုင်ငံတည်းအပေါ် မှီခိုမှုပြုသည်ထက် နိုင်ငံအများအပြားမှ ဝယ်ယူတင်သွင်းနိုင်ရန် စုံလင်ကွဲပြားစွာ ကုန်သွယ်ခြင်းမူဝါဒ(Trade diversification)သို့ ပြောင်းလဲ လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါအခွင့်အလမ်းကိုဆုပ်ကိုင်၍ စင်ကာပူနိုင်ငံသို့ ဆန်တိုးမြှင့်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ရည်ညွှန်းချက်။  Mint သတင်းဌာန၊ "India's rice export ban had an impact: Singapore official"**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)_14102023_20:36

## ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနအနေဖြင့် ကုန်ပစ္စည်းများ၏ အရည်အသွေးစစ်ဆေးခြင်းကို တွန်းအားပေး ဆောင်ရွက်သွားစေလို

တရုတ်နိုင်ငံမှ တန်ဖိုးနည်း တင်သွင်းကုန်ပစ္စည်းများ ဝင်ရောက်လာခြင်းကို ထိန်းချုပ်ရန်ရည်ရွယ်၍ Regulatory ယူနစ်အသစ်တစ်ခုဖွဲ့စည်းရန် ထိုင်းနိုင်ငံစက်မှုဝန်ကြီးဌာနအား တိုက်တွန်းလိုပါကြောင်း၊ ယင်းအဖွဲ့ကို စီမံခန့်ခွဲရာတွင် အစိုးရသို့မဟုတ် စီးပွားရေးကဏ္ဍတို့မှ မည်သူမဆို ဆောင်ရွက်နိုင်ပါကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ဝန်ကြီးဌာန၏ ထိုင်းစက်မှုစံချိန်စံညွှန်း အင်စတီကျု (Thai Industrial Standards Institute –TISI) ကို ကုန်စည်များ၏ အရည်အသွေးနှင့် လုံခြုံစိတ်ချရမှုစစ်ဆေးရာတွင် ကူညီပေးရန်ဖြစ်ကြောင်း ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ ဖြစ်သူ Mr. Thawee Piyapatana က ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံမှ ဈေးနည်းသော ကုန်စည်များ တင်သွင်းလာမှုသည် မြင့်တက်လာပါကြောင်း၊ ထိုင်းဈေးကွက်အတွင်း စုပြုံစွန့်ပစ်ခြင်းပုံစံမျိုးကို ဖြစ်စေမည်ဖြစ်ကြောင်း၊ အင်စတီကျုအနေဖြင့် အရည်အသွေးမမီ ကုန်စည်များကို စစ်ဆေးရန်အတွက် လူအင်အားမလုံလောက်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတွင် နှေးကွေးနေသည်ဟု ထင်မြင်မိပါကြောင်း၊ အရည်အသွေးမမီ ဈေးနည်းသော တရုတ်ကုန်စည်များကြောင့် သံမဏိ၊ အလူမီနီယံ၊ ပလပ်စတစ်၊ ရေနံဓာတုနှင့် ဆေးဘက်ဆိုင်ရာစသည့် ထိုင်းပြည်တွင်းထုတ်လုပ်သည့်ကဏ္ဍ ၂၀ ခန့်တွင် ထိခိုက်မှုရှိနေပါကြောင်း ၎င်းကဆက်လက် ပြောကြားပါသည်။

ထိုင်းနိုင်ငံအစိုးရက တရုတ်ကုန်စည်များအတွက် သက်သေခံလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းစဉ်ကို တိုးမြှင့်မဆောင်ရွက်ပါက တင်သွင်းမှုပမာဏ ပိုမိုမြင့်တက်လာနိုင်ပြီး ပြည်တွင်း အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ထိခိုက်လာ

နိုင်ကြောင်း၊ အသင်းချုပ်အနေဖြင့် စိုးရိမ်ပူပန်လျက်ရှိပါကြောင်း၊ ထိုင်း-တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်အရ တရုတ်လုပ်ငန်းများက အခွန်မပေးဆောင်ရသဖြင့် တရုတ်ကုန်စည်များ၏ ဈေးနှုန်းအပေါ် ထိုင်းနိုင်ငံထုတ်လုပ်သူများအနေဖြင့် မယှဉ်ပြိုင်နိုင်ပါကြောင်း Mr. Thawee က ဖြည့်စွက်ပြောကြားပါသည်။


တရုတ်သွင်းကုန်များ မြင့်တက်လာပါက ကုန်သွယ်မှုလိုငွေဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ပို့ကုန်အတွက် အကောက်ခွန်ရှင်းလင်းခဲ့မှုသည် အမေရိကန်ဒေါ်လာ ၂၄.၃ ဘီလီယံဖြစ်ပြီး သွင်းကုန် ၁၂.၈ ရာခိုင်နှုန်း ကျုံ့ခဲ့သဖြင့် ကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ ၃၆၀ သန်းဖြစ်ပေါ်ခဲ့သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါကြောင်း၊ ပထမ ၆ လအတွင်း တရုတ်သွင်းကုန်များ တင်သွင်းမှုသည် အလျင်အမြန်မြင့်တက်လာခဲ့ပြီး တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုလိုငွေများစွာဖြစ်ပေါ်ခဲ့ကြောင်း အသင်းချုပ်၏ဥက္ကဋ္ဌဖြစ်သူ Mr. Kriengkrai Thiennukul က ဖြည့်စွက် အကြံပြုထားပါသည်။

**Source: www.bangkokpost. gov၊**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_171020231138

## STOCK EXCHANGE (17.10.2023)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 16th Oct. 2023

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,905 (Shares) | 6,339,150 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,800 | 8,900 | 8,800 | 261 | 2,297,900 | 33,109,694 | 294,676 |
| MTSH | 00002 | 3,000 | +0 | +0.00% | 2,950 | 3,000 | 2,950 | 55 | 164,950 | 38,929,150 | 116,788 |
| MCB | 00003 | 7,900 | +300 | +3.95% | 8,600 | 8,600 | 7,900 | 81 | 695,900 | 10,400,986 | 82,168 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,700 | 321 | 545,700 | 29,664,613 | 50,430 |
| TMH | 00005 | 2,650 | +100 | +3.92% | 2,600 | 2,650 | 2,600 | 162 | 421,450 | 12,823,224 | 33,982 |
| EFR | 00006 | 2,150 | -50 | -2.27% | 2,150 | 2,150 | 2,100 | 585 | 1,240,250 | 19,977,223 | 42,951 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 60 | 294,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 380 | 679,000 | 23,804,946 | 42,849 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 16th Oct. 2023

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.22 | +2.59 | +0.69% | 381.27 | 383.08 | 379.22 | 1,905 | 6,339,150 | 8 | 715,282 |

Index chart

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 16th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 1,905 (Shares) | 6,339,150 (MMK) |

### Main Board

As of 1:00 pm, 16th Oct. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,905 (Shares) | 6,339,150 (MMK) |

| MYANPIX | 379.22 ▲ 2.59 |
|---|---|
| Total Volume (shares) | 1,905 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 715,282 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 300 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,650 | ▲ 100 |
| EFR | 00006 | 2,150 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 0 |

TIR